# “ဖဲကြိုးဖြူလေးတတ်ရအောင်”

White Ribbon Day

## ဖဲကြိုးဖြူဖြင့် ချည်နှောင်ကြ

- မိတ်ဆွေရဲ့ အိမ်၊ ကား၊ လှေ၊ ကျောင်း၊ ဘတ်စ်ကား (သို့မဟုတ်) လူစုလူဝေးကို အဖြူရောင် ဖဲကြိုးဖြူ အကြီးကြီးနဲ့ ချည်နှောင်နိုင်ပါတယ်။ (လှိုင်းတွန့်လေးတွေပါတဲ့ အဖြူရောင်စက္ကူပါးပါးနဲ့လည်း လက်ရာမြောက် ပြုလုပ်နိုင်ပါတယ်။

## ဖဲကြိုးဖြူတွေ ချိတ်တွယ်ရန်

- မိမိတို့အမျိုးသားတွေကို သူတို့၏ နာမည်တွေ ဖဲကြိုးဖြူပေါ်တွင် ရေးထိုးပြီးနောက် နံရံ သို့မဟုတ် အောက်ခံ တခုခုပေါ်တွင် ပင်အပ်ဖြင့် ချိတ်တွယ်ပေးဖို့လည်း မေတ္တာရပ်ခံပေးပါ။
- မိတ်ဆွေတို့ရဲ့ဒေသအတွင်းရှိ မီဒီယာတွေနဲ့ လှုပ်ရှားမှုမတိုင်ခင် ရက်အနည်းငယ်ကတည်းက ကြိုတင်ဆက်သွယ်ပြီး လှုပ်ရှားမှုတွေ ပြုလုပ်နေတဲ့အကြောင်းကို အသိပေးပါ။ တကယ်လို့ လိုအပ်ရင် သတင်းစာရှင်းလင်းပွဲတွေ ပြုလုပ်နိုင်ဖို့ အကူအညီ ပေးနိုင်ပါတယ်။

## ဖဲကြိုးဖြူကို ဘာကြောင့် တပ်ဆင်ကြပါသလဲ။

**အဓိကကတော့** – ဖဲကြိုးဖြူတပ်ဆင်ခြင်းအားဖြင့် အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအပေါ် အကြမ်းဖက်မှု ကျူးလွန်မှုများကို ဆန့်ကျင်ကြောင်း အမြဲတမ်း ပွင့်လင်းစွာထုတ်ဖော် ပြောဆိုပါမယ်လို့ မိမိတဦးချင်း ကိုယ်တိုင်ကိုယ်ကျ ကတိပြုခြင်း ဖြစ်ပါတယ် ဖဲကြိုးဖြူ တပ်ဆင်ပြီးတော့ ထူးခြားမှု တခုကို ပြုလုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင်

- အမျိုးသားအများစုဟာ အကြမ်းဖက်မှုတွေကို မကျူးလွန်ကြပါဘူး။ အမျိုးသားအများစုဟာ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေအပေါ် လေးလေးစားစား ဆက်ဆံတတ်ကြပါတယ်။ သို့သော် အမျိုးသားအနည်းစုက၊ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအပေါ် အထင်အမြင် သေးစွာနဲ့ ကြမ်းတမ်းစွာ ဆက်ဆံကြတယ်။ အကြမ်းဖက်ပါတယ်။ ဒီလိုအပြုအမူတွေကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတခု ပတ်ဝန်းကျင် တခုတည်ဆောက်ဖို့ အမျိုးသားတွေအပေါ် အများကြီးမူတည်ပါတယ်။

- လူမှုအသိုင်းအဝိုင်းအတွင်း ဦးဆောင်သူတွေနဲ့၊ ဆုံးဖြတ်ချက်ချမှတ်သူ အဆင့်တွေမှာ ရောက်နေတာက အမျိုးသားတွေ ဖြစ်နေပါတယ်။ ဒီတော့ အမျိုးသားတွေအနေနဲ့ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ဖြစ်နေတာ တွေကို ရပ်တန့်ဖို့ လုပ်ဆောင်တဲ့နေရာမှာ အဓိကကျတဲ့ အခန်းက ပါဝင် ကူညီနိုင်ပါတယ်။

- အမျိုးသားတွေက မိမိတို့ရဲ့အမျိုးသား မိတ်ဆွေတွေ၊ ဆွေမျိုးတော်စပ်သူ အမျိုးသားတွေကနေ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေကို အနိုင်ကျင့် စော်ကားတဲ့အခါမှာဖြစ်စေ၊ သို့မဟုတ် ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့ အခါမှာ ပွင့်လင်းစွာဝေဖန်ပြောဆိုပြီး ကြားဝင်ဟန့်တား နိုင်ပါတယ်။

- အမျိုးသမီးတွေကလည်း အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ကျူးလွန် တာတွေကို အဆုံးသတ်အောင် ဆောင်ရွက်နေတဲ့ အမျိုးသားတွေကို သူတို့ရဲ့ သန္နိဋ္ဌာန်ချ လုပ်ဆောင်ချက်တွေအတွက် ထောက်ခံအားပေးမှု တွေနဲ့ အတူ လက်တွဲ လုပ်ဆောင်လိုကြောင်းကို ပြသပေးပါ။

အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုကျူးလွန်မှုဆိုတဲ့ ပြဿနာဟာ အမျိုးသားတွေရဲ့ ပြဿနာလည်း ဖြစ်ပါတယ် ဘာကြောင့်လည်းဆိုတော့ –

- အမျိုးသားတွေဟာလည်း မိမိတို့ချစ်ခင်မြတ်နိုးတဲ့ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေအပေါ် တခြားအမျိုးသားတွေက အကြမ်းဖက်တာတွေ ကျူးလွန်တဲ့အတွက် ထိခိုက်သက်ရောက်မှုတွေကို ရင်ဆိုင်ခံစားရပါတယ်။ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့် စော်ကားမှုနဲ့ ကလေးငယ်တွေအပေါ် အနိုင်ကျင့်စော်ကားမှုတွေဟာ အလွန်နက်ရှိုင်းတဲ့

စိတ်ဒဏ်ရာ ဒဏ်ချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ အမာရွတ်တွေ ကျန်ရစ်စေပြီး၊ ဒီလို ထိခိုက်နာကျင်မှုတွေက ဇနီးသည်၊ သမီး၊ ညီမ၊ အမေ၊ အမျိုးသမီး မိတ်ဆွေသူငယ်ချင်းများနဲ့ အမျိုးသားတွေအကြား ဆက်ဆံရေးကို ထိခိုက်ရိုက်ခတ်မှုတွေ ရှိစေပါတယ်။

- တခါတလေ အမျိုးသားများဟာ အခြားအမျိုးသားတွေကနေ အမျိုးသမီးတွေအပေါ် အကြမ်းဖက်နေတာတွေကို ဘေးကရပ်ကြည့်နေသူတဲ့တွေ ဖြစ်နေတတ်ပါတယ်။

- ဒါကြောင့် အမျိုးသားများ အနေနဲ့ –
  – မိမိရဲ့ မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတွေ၊ ဆွေမျိုးတော်စပ်သူတွေက အမျိုးသမီးများကို အနိုင်ကျင့် စော်ကားတဲ့အခါ (သို့မဟုတ်) ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အခါ မိမိတို့ အမျိုးသားတွေ အနေနဲ့ ဆိတ်ဆိတ်နေပြီး မျက်နှာလွှဲ နေမှာလား ဒါမှမဟုတ်
  – အမျိုးသမီးတွေဘက်ကနေ ရပ်တည်ပြောဆိုမလား – ဆိုတာကို အမျိုးသားများက ရွေးချယ်ရပါမယ်။

- နောက်ပြီး – တခါတရံမှာ အချို့အမျိုးသားများ ကိုယ်တိုင်အကြမ်းဖက် မှုကို ကျူးလွန်တတ်ကြလို့ဖြစ်ပါတယ်။ ■

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ဒုတိယအကြိမ်ထုတ်ဝေသည်။
www.womenofburma.org
wlb@womenofburma.org